# ကြွလာခြင်းသတင်းစကားကို ဟောပြောခြင်း

YR C
NO. 39

**အလွတ်ကျမ်းချက်။ ။ ဗျာဒိတ်ကျမ်း ၁၄း၇**

**"ဘုရားသခင်ကိုကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသော အချိန်ရောက်လာပြီ။ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့် ပြောဆို၍ ကောင်းကင်အလယ်၌ ပျံဝဲလျက်ရှိသည်ကို ငါမြင်၏။"**



## တနင်္ဂနွေနေ့ | ဒံယေလ၏ရူပါရုံကို နားလည်ခြင်း ၁

ဒံယေလအနာဂတ္တိကျမ်း ၁၂း၄ တွင်၊ အမှုကုန်ဆုံးသောအချိန်ကာလ၌ "ဉာဏ်ပညာတိုးပွားလာလိမ့်မည်" ဟု ပြောဆိုခဲ့သည်။ ထိုသို့ဆိုလိုခြင်းမှာ အမှုကုန်ဆုံးသောအချိန်ကာလ၌၊ လူများတို့သည် ဒံယေလ၏ပရောဖက်ပြုချက်များအကြောင်းကို ပို၍နားလည်လာလိမ့်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဝီလီယံမီလာ၏ ဒံယေလအနာဂတ္တိကျမ်း အခန်းကြီး ၈ နှင့် ၉ တို့သည် ဆက်စပ်မှုရှိကြောင်း ရှာဖွေတွေ့ရှိမှုသည် သေချာသည်မှာ အခြားဖြစ်ပျက်သည့်မည်သည့်အရာတစ်ခုထက် ပို၍ လုပ်ဆောင်ခဲ့သည်။

၎င်းတို့ကို အဘယ်သို့ ဆက်စပ်ခဲ့သနည်း။ ပထမမှာ၊ ဂါဗြေလသည် ဒံယေလအနာဂတ္တိကျမ်းအခန်းကြီး ၈ ၏ ရူပါရုံကို ဒံယေလနားလည်ရန် လုပ်ဆောင်ဖို့ အမိန့်တော်ရရှိခဲ့သည်။ သို့သော် အခန်းကြီး၏အဆုံးပိုင်းတွင်၊ ဒံယေလသည် "၎င်းကို အဘယ်သူမျှ နားမလည်" ဟု ပြောခဲ့သည်။ ထို့ကြောင့် ဂါဗြေလသည် ရူပါရုံ၏အနက်အဓိပ္ပာယ်ကို ပြီးမြောက်အောင် ရှင်းပြဖို့ရန် အခန်းကြီး ၉ တွင် ပြန်လာခဲ့သည်။ ဒံယေလအနာဂတ္တိကျမ်း ၉း၂၀-၂၃။

ဒုတိယဆက်စပ်မှုကို နောက်အခန်းငယ်၌ တွေ့ရသည်။ အငယ် ၂၄။ ဟေဗြဲဘာသာစကားအရ "Chathak" ဖြစ်ပြီး၊ ၎င်းကို "ဆုံးဖြတ်ချက်ချသော" ဟု ဖြစ်သည်။ ၎င်း၏အဓိပ္ပာယ်မှာ "ဖြတ်ခြင်း၊ ပြတ်ခြင်း" ဖြစ်သည်။ "ဖြတ်တောက်ခြင်း၊ ပြတ်ခြင်း" သည် "ဆုံးဖြတ်ချက်ချ" သည်ဟု အဘယ်သို့ အဓိပ္ပာယ်သက်ရောက်နိုင်သနည်း။ ကောင်းပြီ။ ဆိုပါစို့၊ သင့်မှာပျဉ်ပြားတစ်ခုရှိသည်၊ သင ၎င်းပျဉ်ပြားကို လက်ကိုင်လွှဖြင့်အပိုင်းနှစ်ပိုင်း ဖြတ်လိုက်သည်။ သင်၏ဖြတ်တောက်ခဲ့ခြင်းသည် ပျဉ်ပြားနှစ်ခု၏အရွယ်အစားကို ကြည့်ခြင်းအားဖြင့် သင်မည်သည့်နေရာတွင်ဖြတ်သည် ဟူသည်ကို သင်ဆုံးဖြတ်ရမည် မဟုတ်ပါလော။

သို့သော် ဤအကြောင်းတွင် ၎င်းသည် သီတင်းအပတ် ၇၀ တွင် ဖြတ်တောက်ခံခဲ့ရသည်။ ယခုတွင် ပေ ၂ ပေပါသော ပျဉ်ပြား တစ်ချောင်းကို ဖြတ်ဖို့အတွက်ဆိုလျှင် သင့်မှာပိုရှည်သောပျဉ်ပြားတစ်ခုရှိဖို့လိုလိမ့်မည်မဟုတ်ပါလော။ ထို့ကြောင့် ဘုရားသခင်သည် အချိန်ကာလတစ်ခုကို ဖြတ်တောက်တော့မည်ဆိုလျှင် ၎င်းကိုဖြတ်ရန် ရှည်လျားသောအချိန်ကာလတစ်ခုကို သူလိုအပ်လိမ့်ပေမည်။ ဒံယေလအနာဂတ္တိကျမ်း ၉ တွင် ရှည်လျားသောအချိန်ကာလ မရှိချေ၊ သို့သော် ဒံယေလအနာဂတ္တိကျမ်း ၈ တွင် ရှိလေသည်။

အခန်းကြီးနှစ်ခုကြားတွင် တတိယဆက်စပ်မှုကို "ရူပါရုံ" ဟု ပြန်ဆိုထားသောကွဲပြားခြားနားသော ဟေဗြဲစကားလုံးနှစ်လုံးတွင် တွေ့ရသည်။ ကျွန်ုပ်တို့သည် အသေးစိတ်အချက်အလက်များကို အသေးစိတ်မ ရှင်းပြနိုင်သော်လည်း၊ ဒံယေလသည် ကွဲပြားခြားနားသောစကားလုံးနှစ်လုံးကို အသုံးပြု၍ သူနားလည်သောအရာသည် ရက်ပေါင်း ၂၃၀၀ ၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ကြောင်း ၎င်းကို ရှင်းလင်းပြတ်သားစွာ ဖော်ပြခဲ့သည်။ ထိုအတွက်ကြောင့် ဂါဗြေလသည် ပြန်လာပြီး အချိန်ကာလအကြောင်းပြောခြင်းဖြင့် စတင်ခဲ့သည်မှာ အံ့သြစရာမဟုတ်ပါ။

**လက်တွေ့ကျင့်သုံးရန်။** ဤမျှလွယ်ကူသောအရာတစ်ခုကို ဤမျှရှည်လျားသောအချိန်ကာလပတ်လုံး "တံဆိပ်ခတ်ထား" နိုင်သည်မှာ အံ့သြစရာမဟုတ်ပေလော။ သမ္မာကျမ်းစာမှ သင်ယူစရာများစွာ ကျန်ရှိသေးပါသလား။ ရာချီလား။ ထောင်ချီလား။ ဤထက်မက ရှိသလား။ ထို့ကြောင့်ပင်၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာလေ့လာခြင်းကို ဘယ်တော့မှ မရပ်တန့်သင့်ကြောင်း ဖြစ်သည်။

## တနင်္လာနေ့ | မီလာ၏ရှာဖွေတွေ့ရှိခြင်း ၂

ဝီလီယံမီလာသည် ဒံယေလ၏ပရောဖက်ပြုချက်နှစ်ခုကို ချိတ်ဆက်ဆက်စပ်သောအခါတွင်၊ သူသည် ပရောဖက်ပြုထားသည့် ရက်ပေါင်း ၂၃၀၀ (ပကတိနှစ်ပေါင်း ၂၃၀၀) မှာ သီတင်း ၇၀ နှင့် စတင်ခြင်းအချိန်အတူတူဖြစ်သည်ကို နားလည်သဘောပေါက်ခဲ့သည်။ သို့သော် ထိုအချိန်သည် အဘယ်အချိန်နည်း။ ဒံယေလအနာဂတ္တိကျမ်း ၉း၂၅။

2300
−457
1843

ဤသည် လွယ်ကူနီးပါးဖြစ်ခဲ့သည်။ ဘီစီ ၄၅၇ ဆောင်းဦးရာသီတွင် အာတဇေရဇ် (Artaxerxes) ဘုရင်သည် "ယေရုရှလင်ကို တည်ဆောက်ရန်နှင့် ပြန်လည်ပြုပြင်ရန်" အမိန့်ပေးခဲ့ကြောင်း သမိုင်းစာအုပ်ကောင်းတစ်ခုတွင် မီလာက ရှာဖွေတွေ့ရှိခဲ့သည်။ ထိုသို့ဆိုသော် စတင်ချိန်မှာ အဘယ်အချိန်နည်း။ နှစ်ပေါင်း ၂၃၀၀ သည် အဘယ်အချိန်တွင် ပြီးဆုံးခဲ့သနည်း။

ထောင်နှင့်ချီသောလူတို့သည် သတင်းစကားကို ဝမ်းမြောက်စွာလက်ခံခဲ့ကြပြီး၊ သူတို့အားလုံးသည် သူတို့လုပ်နိုင်သည့်အတိုင်း သူတို့၏အပေါင်းအသင်း မိတ်ဆွေများနှင့် ပတ်ဝန်းကျင်များသို့ ထိုသတင်းစကားကို ဝေငှခဲ့ကြသည်။ မတူညီသောနေရာဒေသ အသီးသီးများမှ ရာနှင့်ချီသာသနာပြုသူများသည် မီလာကိုယ်တိုင် အချိန်ကြာရှည်စွာ ဟောပြောခဲ့သည့်သတင်းစကားများကို စတင် ဟောပြောခဲ့လေသည်။

မြော်လင့်ခြင်းတရားဟောဆရာများသည် စကားပြောနိုင်သည့် မည်သည့်နေရာတွင်မဆို သတင်းစကားဟောပြောချင်ခဲ့ကြသည်။ သူတို့သည် အသင်းတော်ဘုရားကျောင်း၌သော်လည်းကောင်း၊ ဘုရားကျောင်းက အလွန်သေးသောအခါ အများပြည်သူခန်းမ၌သော်လည်းကောင်း ဟောပြောခဲ့ကြသည်။ ဆန့်ကျင်သူများကြောင့် အဆောက်အဦးတစ်ခုခု၌ တရားဟောရန် မဖြစ်နိုင်သောအခါတွင်၊ တဲဆောက်၍ ဟောပြောခဲ့လေသည်။

တဲတစ်ခုဆောက်ရန် အစီအစဥ်ကို ကြေငြာသောအခါတွင်၊ ယုံကြည်သူများသည် ရက်အနည်းငယ်အတွင်း လိုအပ်သောငွေများကိုပေးလှူခဲ့ကြပြီး၊ တစ်လအတွင်း၌ပင် တဲအသစ်ကို ဆောက်လုပ်ခဲ့ကြသည်။ သို့သော် ဤအရာသည် အခြားမည်သည့်တဲမျှ မဟုတ်ပေ။ ဤတဲသည် ဘုရားသခင်၏လုပ်ငန်းအတွက် ဖြစ်သည်။ ထို့ကြောင့် "တဲကြီး" ကို ဆောက်လုပ်သောအခါတွင် ၎င်းသည် အမေရိက၌အကြီးဆုံးသောတဲဖြစ်ခဲ့သည်။ ၎င်းတဲသည် အချင်းပေပေါင်း ၁၂၀ အမြင့်ရှိပြီး လူပေါင်း ၄,၀၀၀ ကို အလွယ်တကူ နေရာချထားနိုင်သည်။ တစ်ခါတစ်ရံ လူများတို့သည် ကြားနာဖို့ရန် လူပေါင်း ၆,၀၀၀ လောက် လာရောက်စုရုံးခဲ့ကြသည်။

သူတို့က အသင်းတော်ဘုရားကျောင်း သို့မဟုတ် တရားအစည်းအဝေးခန်းမတွင် ဟောရန် အခွင့်မရနိုင်ခဲ့လျှင်၊ မြော်လင့်ခြင်းတရားဟောဆရာတို့ (Adventist Preachers) သည် သူတို့ဟောပြောနိုင်သည့် လမ်းထောင့်များ၌သော်၎င်း၊ သဘော်၊ စက်လှေပေါ်၌သော်၎င်း၊ မီးရထားပေါ်၌သော်၎င်း ဆက်လက်ဟောပြောနေခဲ့ကြသည်။ တစ်ခါက၊ မြော်လင့်ခြင်းယုံကြည်သူများအချို့သည် ဆလမ်းဘူတာ (Salem Station) တွင် ရထားစောင့်နေရသောအခါ "မြော်လင့်ခြင်းဓမ္မသီချင်းများ" (Advent hymns) ကို စတင်သီဆိုခဲ့ကြသည်။ ဤအရာသည် လူထုကြီးကို အလွန်ဆွဲဆောင်ခဲ့သည်။ နောက်တနင်္ဂနွေနေ့တွင် မြော်လင့်ခြင်းသတင်းစကားကို တရားဟောဆရာက ဟောပြောသောအခါတွင်၊ ၇,၀၀၀ ခန့်သော လူများတို့သည် ကြားနာရန် လာရောက်ခဲ့ကြလေသည်။ တိမောသေသြဝါဒစာ ဒုတိယစောင် ၄း၁-၄။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်၏အမှုတော်လုပ်ငန်းသည် ရှေ့သို့တိုးတက်ချီတက်လာသောအခါ ဘုရားသခင်၏လူများတို့သည် ကိုယ်တော်နှင့်အတူ ဆက်လက်ခြေလှမ်းလှမ်းနိုင်ရန် အဘယ်အရာပြုလုပ်ရမည်နည်း။ ဆာလံကျမ်း ၁၁၀:၃ ပထမအပိုဒ်။

## သောကြာနေ့ | စခန်းအစည်းအဝေးများ ၆

ကြွလာခြင်းတည်းဟူသော မြော်လင့်ခြင်းသတင်းစကားသည် ဆက်လက်တိုးတက်ပြန့်ပွားနေပြီး၊ အခြားမည်သည့်အရာနှင့်မျှ မတူဘဲ လူများတို့၏နှလုံးသားနှင့် စိတ်တို့ကို စွဲမက်ဖွယ်ဖြစ်စေခဲ့သည်။ ယုံကြည် သူများအနေဖြင့် ၎င်းက သူတို့သည် ပထမကောင်းကင်တမန်၏ သတင်းစကား လုပ်ငန်းကို လုပ်ဆောင်နေကြောင်း ထင်ရှားလှပါသည်။ ဗျာဒိတ်ကျမ်း ၁၄း၆၊ ၇။

ရိုးသားသောလူများတို့သည် "ဘုရားသခင်ကို ကြောက်ရွံ့ကြလော့၊ .... တရားစီရင်သောအချိန်သည်ရောက်လာပြီ"ဟု ခေါ်ခြင်းကို ကြားကြသောအခါတွင် အခြားအရာများသည် ဘုရားသခင်၏ အကြောင်းအရာများလောက် အရေးမပါလှတော့ပေ။




၁၈၄၂ ခုနှစ်၌ ကော်မတီတစ်ခုသည် "နွေရာသီသုံးရာသီစခန်း အစည်းအဝေးများကိုစီစဉ်ဖို့ရန်" စတင်ခဲ့ကြသည်၊ သို့သော် စိတ်အားထက်သန်သောအစုအဖွဲ့များသည် အလွန်စိတ်အားကြီးပြီး ထိုနှစ်၌ ၃၁ ကြိမ်တိတိ စခန်းအစည်းအဝေး (Camp Meetings) ကို လုပ်ဆောင်ခဲ့ကြသည်။ နောက်တစ်နှစ်တွင်မူ အကြိမ် ၄၀ နှင့် နောက်ထပ်တစ်နှစ်တွင်လည်း အကြိမ် ၅၄ ကြိမ်အထိ ကျင်းပလုပ်ဆောင်ခဲ့ကြလေသည်။ ထိုအတွက်ကြောင့် ၎င်းမှာ ဘယ်အရာမှ ဤကြွလာခြင်းတည်းဟူသော မြော်လင့်ခြင်းသတင်းစကား၏ ပြန့်နှံ့ခြင်းကို မရပ်တန့်၊ မတားဆီးနိုင်ဟန်ရှိခဲ့သည်။

သို့သော် အချို့သောသူတို့သည် ၎င်းကို တားဆီးရန် ကြိုးပမ်းခဲ့ကြသည်။ ၁၈၄၄ ခုနှစ်၏နွေဦးရာသီတွင်၊ အသင်းတော် တော်တော်များများသည် ဤကြွလာခြင်းတည်းဟူသောမြော်လင့်ခြင်းသတင်းစကား၏ အံ့သြဖွယ်ကောင်းသောအမှန်တရားကို ငြင်းပယ်ခဲ့ကြသည်။ ယုံကြည်သူအများစုတို့သည် သခင်ယေရှုမကြာမီပြန်ကြွလာမည်ကို မျှော်လင့်သောကြောင့် နှစ်ပေါင်းများစွာ သူတို့တက်ရောက်ခဲ့သောအသင်းတော်များမှ နှင်ထုတ်ခံခဲ့ရသည်။

အသင်းတော်များသည် ဘာကြောင့် ဤသတင်းစကားကို ပြန်ဆန့်ကျင်ခဲ့ကြသနည်း။ သူတို့၌ အကြောင်းပြချက်များစွာ ရှိကောင်းရှိလိမ့်မည်ဖြစ်သည်၊ သို့သော် တွေ့မြင်ရလွယ်သောအကြောင်းပြချက် တစ်ခုရှိသည်။ ဝီလီယံမီလာသည် နှစ်ပေါင်း ၂၃၀၀ မှာ "၁၈၄၃ ခုနှစ်ခန့်" တွင် ပြီးဆုံးမည်ဟု အမြဲတမ်းပြောဆိုခဲ့သည်။ သူသည် အရေးကြီးဆုံးသောအခန်းကဏ္ဍမှာ သခင်ယေရှုနှင့် တွေ့ဆုံဖို့ရန် အဆင်သင့်ဖြစ်ခြင်းဖြစ်သည်ကို သိခဲ့သည်၊ သို့သော် သူသည် ရက်စွဲကို အလေ့အနက်ထားလေ့လာဖို့ရန် တစ်ခါမှ မကြိုးစားခဲ့ဖူးပေ။ သို့သော် ၁၈၄၃ ခုနှစ်ကျော်လွန်သောအခါ၊ လူများတို့သည် အချိန်ကာလကို မေးခွန်းစထုတ်လာခဲ့ကြသည်။

ဂျူးလူမျိုးများ၏ခုနှစ်သည် နွေဦးရာသီအထိတိုင် အဆုံးမသတ်သောကြောင့် မြော်လင့်ခြင်းယုံကြည်သူများသည် မစိုးရိမ်ခဲ့ကြသေးပေ။ သို့သော် သခင်ယေရှုသည် ၁၈၄၄ ဧပြီလ ကုန်ဆုံးသည်နှင့်အမျှ ပြန်မကြွလာသောအခါတွင်၊ သူတို့သည် ဘာကို စဥ်းစားနေကြသည်ကိုတောင် မသိခဲ့ကြတော့ပေ။ ထို့ကြောင့်၊ ထိုအချိန်၌ပင် အသင်းတော်များသည် သူတို့ကို အမှန်တကယ်စတင်ဆန့်ကျင်လာခဲ့လေသည်။

မြော်လင့်ခြင်းတရားဒေသနာရှင်များသည် သူတို့၏ ဟောပြောခြင်းအတွက် အသင်းတော်များကို ဖွင့်လှစ်ရန် မတတ်နိုင်ခဲ့ကြတော့ပါ။ ၎င်းသည် သူတို့၏မျက်နှာများတွင် တံခါးကြီးတစ်ခုပိတ်ထားသကဲ့သို့ ဖြစ်ခဲ့လေသည်။

**လက်တွေ့ကျင့်သုံးရန်။** ဤသတင်းစကားကို ငြင်းပယ်ခြင်းအားဖြင့် ပရိုတက်စတင့်အသင်းတော်များသည် ဗာဗုလုန်ဖြစ်လာခဲ့ပြီး ပရောဖက်ပြုချက်၏နောက်ထပ်အပိုင်းကို ပြည့်စုံစေခဲ့သည်။ အငယ် ၈။

© ၂၀၂၃ - My Bible First 

မီလာသည် သခင်ယေရှုမမွေးဖွားမီ နှစ်များကိုရေတွက်ခြင်းအကြောင်းကို သိခဲ့သည်၊ ထို့ကြောင့် သူသည် အေဒီကို ရှာဖွေတွေ့ရှိရန် နှစ်ပေါင်း ၂၃၀၀ ကို နှစ်ပေါင်း ဘီစီ ၄၅၇ (ဘီစီ၏ အပိုင်းဖြစ်သော) ဖြင့် နုတ်ခဲ့သည်။ သူ၏ညီမျှခြင်းအဖြေမှာ ဤသို့ဖြစ်သည် သူသည် အတော်လေး ထိတ်လန့်သွားခဲ့ရသည်။ နှစ်ပေါင်း ၂၃၀၀ ၏အဆုံးမှာ နှစ်အနည်းငယ်သာ ကွာဝေးခဲ့သည်။

သို့သော် မီလာက သူသည် ရိုးရိုးဂဏန်းသင်္ချာအမှားတစ်ခုပြုလုပ်မိသည်ကို မသိခဲ့ပါ။ ထိုအကြောင်းကို ကျွန်ုပ်တို့သည် နောက်ပိုင်းတွင် ပိုမိုလေ့လာရမည်ဖြစ်သည်။ ထို့နောက် နောက်ထပ် သူသည် ပို၍လေးနက်သောအမှားတစ်ခုကို ပြုလုပ်မိခဲ့သည်။ နှစ်ပေါင်း ၂၃၀၀ အချိန်ကာလ၏နောက်ဆုံးပိုင်းတွင် အပြစ်ဖြေရှင်းလင်းရမည့် သန့်ရှင်းရာဌာနသည် ကမ္ဘာမြေကြီးကို ကိုယ်စားပြုသည်ဟု မီလာသည် ထိုအချိန်က အခြားသူအားလုံးနှင့်အတူ ယုံကြည်ခဲ့သည်။ သခင်ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းတွင် မီးဖြင့် ဤကမ္ဘာကြီးကို ရှင်းလင်းမည်ဟု သူတို့သည် မျှော်လင့်ခဲ့ကြသည်။ ထိုအရာက သခင်ယေရှုသည် နှစ်အနည်းငယ်အတွင်းတွင် ပြန်ကြွလာမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထိုအရာသည် ကောင်းသောသတင်းဖြစ်မည်မှာ သေချာပါသည်။ သို့သော် မီလာသည် မှားခဲ့သည်။ အကယ်၍ သူသည် ဗိမာန် တော်၏သန့်ရှင်းရာဌာနအကြောင်းနှင့်ပတ်သတ်သော သမ္မာကျမ်းစာပြောထားချက်အားလုံးကို လေ့လာခဲ့မည်ဆိုလျှင်၊ ၎င်းသည် ကမ္ဘာမြေကြီးကို ပုံဆောင်ခြင်းအဖြစ် တစ်ခါမှ အသုံးမပြုမဖော်ပြခဲ့ကြောင်းကို သူနားလည်ကောင်းနားလည်ခဲ့မည်ဖြစ်သည်။ သန့်ရှင်းရာဌာနတော်ကိုရှင်းလင်းခြင်းသည် ကောင်းကင်ဗိမာန်တော်၌သန့်ရှင်းရာဌာနတော်ကို ရှင်းလင်းခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်က ဤကဲ့သို့သောအမှားများကိုပင် လူများကို ကယ်တင်သောနည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်။



**လက်တွေ့ကျင့်သုံးရန်။** ကောင်းသောလူတို့သည် တစ်ခါတစ်ရံ မှားနိုင်ပါသလား။ ရှင်လုကာခရစ်ဝင် ၂၄း၁၃-၂၇။ သမ္မာကျမ်းစာမှလွဲ၍ အခြားအကြောင်းအရာအရင်းအမြစ်များမှ ထွက်ပေါ်လာသောအယူအဆများကို ကျွန်ုပ်တို့အဘယ်ကြောင့် လက်မခံသင့်ကြောင်းကို သင်မြင်တွေ့နိုင်ပါသလား။ သို့သော် မိမိ၏လူများသည် ရှုပ်ထွေးနေသော်လည်း၊ သခင်ယေရှုသည် သူတို့ကို မစွန့်လွှတ်ခဲ့ပေ။ သူတို့သည် သူ၏အမှားပြင်ပေးခြင်း သို့မဟုတ် ဆုံးမခြင်းကို လက်ခံမည်ဆိုလျှင်၊ သူသည် သူတို့အား လမ်းပြဦးဆောင်နေဆဲပင်ဖြစ်လိမ့်ပေမည်။

## အင်္ဂါနေ့ | မီလာ စတင်တရားဟောခြင်း ၃

ဝီလီယံမီလာသည် သခင်ယေရှုမကြာမီပြန်ကြွလာခြင်းကို ယုံကြည်ခဲ့သည်။ သူသည် သခင်ယေရှုကြွလာသည်ကို တွေ့ချင်သောကြောင့်နှင့် အပြစ်အားလုံးနှင့် ဒုက္ခဆင်းရဲခြင်းကို ချန်ထားခဲ့တော့မည်ဖြစ်သောကြောင့် ဝမ်းသာခဲ့သည်။ သို့သော် ၎င်းအကြောင်းကို အဘယ်သူကိုမျှ မပြောခဲ့ပေ။ ၎င်းသည် သူတစ်ယောက်တည်းသာ သိခဲ့ဟန်ရှိခဲ့သည်။ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ်ကြာလာသောနောက်၊ သူသည် ၎င်းအကြောင်းကို လူများအား ပြန်ပြောရမည်ဟု စတင်ခံစားလာခဲ့သည်။

သို့သော် သူသည် လယ်သမားတစ်ယောက်သာဖြစ်သည်။ သူသည် အဘယ်သူအတွက်မျှ အရေးပါသောသူ မဟုတ်ခဲ့ချေ။ သူသည် လူအများရှေ့မှောက်တွင် စကားပြောလေ့ပြောထ မရှိသောသူဖြစ်သည်။ သူသည် အဘယ်သို့ဟောပြောနိုင်မည်နည်း။ ဇာခရိအနာဂတ္တိ ကျမ်း ၄း၆။

တစ်ခါတစ်ရံ သူလေ့လာခဲ့တဲ့အရာများကို ရှင်းပြရင်းနဲ့ ခဏနားထောင်ပေးမည့် အပေါင်းအဖော် သို့မဟုတ် ဆွေမျိုးတစ်ယောက်ကို တွေ့လိမ့်မည်။ သို့သော် ၎င်းသည် တစ်စုံတစ်ရာကိုမျှ မတွက်ဆနိုင်ခဲ့၍ သူ၏အသိစိတ်က သူ့ကိုအနှောင့်အယှက် ရပ်တန့်စေမည် မဟုတ်ပေ။

နောက်ဆုံး၌ ၁၈၃၁ ခုနှစ်တွင် မီလာသည် တစ်စုံတစ်ယောက်က သူ့ကို စကားပြောဖို့တောင်းဆိုမည်ဆိုလျှင် သူစကားပြောမည်ဟု ဘုရားသခင်ကို ဆုတောင်း၍ပြောဆိုခဲ့သည်။ ၎င်းသည် အလုံအလောက်ရှိသည်ဟုထင်ရသော်လည်း၊ သူ၏အသက်တာ၌ ထိုသို့သော ဖိတ်ကြားချက်ကို တစ်ခါမျှမရရှိခဲ့ကြောင်းကို မီလာသည် သိခဲ့ပြီး၊ ယခုတွင်လည်း သူသည် တစ်ယောက်ယောက်ကို လက်ခံရန် မမျှော်လင့်ခဲ့သည်မှာ သေချာပါသည်။




ဘုရားသခင်နှင့် ထို (နှစ်ဦး) ညှိနှိုင်းမှုပြုလုပ်နေစဥ် မီလာက မသိခဲ့သောအရာမှာ သူ၏တူဖြစ်သူ အိုင်ရ်ဗင်းဂေးလ်ဖို့ (Irving Guilford) သည် သူ၏မြင်းကိုအဆင်သင့်စီးနေပြီဖြစ်ပြီး၊ လာမည့်တနင်္ဂနွေမှာ သူတို့၏ သာသနာပြုမရှိတော့သောအချိန် အနီးအနားရွာတစ်ရွာမှာ တရားဟောဖို့ရန် သူ့ ဦးလေးဝီလီယံကို ဖိတ်ခေါ်ဖို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

မီလာသည် မပျော်ရွှင်ခဲ့ပေ။ သူသည် တရားမဟောပြောချင်ခဲ့ချေ။ သူ၏ “ညှိနှိုင်းမှု” သည် အဆင်ပြေလုံလောက်သည်ဟု သူထင်ခဲ့သော်လည်း၊ ဘာဖြစ်ပျက်ခဲ့သည်ကို ယခုကြည့်ပါ။ အလေးအနက်ဆုတောင်းခြင်းနှင့် စိတ်ဝိညာဉ်ရေးရာကို ရှာဖွေပြီးနောက်တွင် မီလာသည် သူလုပ်ရမည်ဟုသိထားသောအရာများကို လုပ်ဆောင်ခဲ့သည်။ သူသည် ရိုးသားဖြောင့်မတ်သောသူဖြစ်သည်။ သူက သူ့စကားကိုသာ ပြောခဲ့ပြီး၊ ဘုရားသခင်ကလည်း သူ့ကိုသဘောတူခဲ့သည်။ ဒေသနာကျမ်း ၅း၄၊ ၅။

နောက်အပတ်တွင် သူသည် အိမ်သို့ပြန်လာသောအခါတွင်၊ စာတစ်စောင်က သူ့ကို စောင့်ကြိုနေခဲ့သည်။ ၎င်းစာစောင်သည် တရားဟောဖို့ရန် နောက်ထပ်ဖိတ်ကြားခြင်းဖြစ်သည်။ ထို့နောက် ဖိတ်ခေါ်ခြင်းများ ဆက်တိုက် ရောက်လာခဲ့လေတော့သည်။ မီလာ၏ ဟောပြောခြင်းလုပ်ငန်းသည် နှိမ့်ချစွာစတင်သော်လည်း၊ သူနှင့် ဘုရားသခင်က သူ့အားပေးသော သတင်းစကားသည် မကြာမီတွင် ကမ္ဘာ့ပေါ်ရှိလူများတို့တို တုန်ခါသွားလိမ့်မည်။

**လက်တွေ့ကျင့်သုံးရန်။** ကောရိန္သုသြဝါဒစာ ပဌမစောင် ၁း၂၇၊ ၂၉ ကို ဖတ်ပါ။ ဘုရားသခင်သည် ဤမျှလောက်မကြာခဏ ဤနည်းလမ်းဖြင့် အလုပ်လုပ်သည်ဟု သင်အဘယ်ကြောင့်ထင်သနည်း။

## ဗုဒ္ဓဟူးနေ့ | မီလာကို ဟိုင်းမ်စ် ကူညီခြင်း ၄

သခင်ယေရှု ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းဖြစ်သော မီလာ၏ သတင်းစကားသည် သူဟောပြောသောမည်သည့်နေရာတွင်မဆို လူများနိုးကြားရန် ပြုလုပ်စေခဲ့သည်။ များစွာလူတို့သည် ပြောင်းလဲခြင်းသို့ ရောက်ကြပြီး၊ မီလာတရားဟောသော အသင်းတော်များတွင် နိုးကြားမှုများစွာကို တွေ့မြင်ရလေ့ရှိသည်။

သို့သော် နည်းလမ်းများစွာအတွက်၊ ၎င်းသည် များစွာသောဖြစ်ရပ်များနဲ့ မတူခဲ့ပေ။ တစ်ခုမှာ မီလာသည် အသင်းတော်အသစ်တစ်ခုကို မစတင်၊ မတည်ထောင်ခဲ့ပေ။ သခင်ယေရှုကြွလာတော်မူခြင်း (ဒုတိယအကြိမ်ကြွလာခြင်း) ကို မျှော်လင့်သူများသည် သီးခြားအုပ်စုတစ်စုအနေဖြင့် မတွေ့ဆုံ၊ မစုစည်းခဲ့ကြပါ။ မက်သဒစ်များသည် မက်သဒစ်အသင်းတော်ဘုရားကျောင်းသို့သာ ဆက်လက်သွားခဲ့ကြပြီး၊ နှစ်ခြင်းများသည် နှစ်ခြင်းအသင်းတော်ဘုရားကျောင်းသို့ ဆက်လက်သွားခဲ့ကြသည်။ ၎င်းသည် မကြာမီ သခင်ယေရှုပြန်လာမည်ဟုမျှော်လင့်သော “ကြွလာခြင်းကို မြော်လင့်သူများ” (Adventists) မည်မျှရှိသည်ကို အမှန်သိရန် ခက်ခဲစေခဲ့သည်။

ထို့ကြောင့် သူတို့ကို “ကြွလာခြင်းကိုမြော်လင့်သောသူများ” ဟု အမြဲတမ်းမခေါ်ဆိုခဲ့ပါ။ များသောအားဖြင့် သူတို့ကို မီလာရိုက်စ် (Millerites) ဟု လူအများက ခေါ်ဆိုခဲ့သည်။ သူတို့က “အယူသန်သူ မီလာ" သည် သူ၏နောက်လိုက်များအားလုံးကို ခေါင်းထဲမှ အယူဟောင်းများကို ထုတ်ပစ်ပြီး အယူသစ်များရိုက်သွင်းပေးသည်ဟု ယုံကြည်ခဲ့ကြသူများဖြစ်သည်။

သို့သော် မီလာသည် အယူသန်သူတစ်ယောက်မဟုတ်ခဲ့ချေ။ လူများတို့သည် အမှန်တကယ် သူ၏ဟောပြောခြင်း (သို့) စည်းဝေးခြင်းများကို နားထောင်ခဲ့သောအခါ၊ သူတို့သည် သူ၏တည်ငြိမ်ခြင်းနှင့် ဥာဏ်ပညာရှိခြင်းကို တွေ့ခဲ့ကြရသည်။ သူ၏တရားဒေသနာများသည် စိတ်ကူးယဥ်ဆန် မဟုတ်ပါ။ အကြောင်းမှာ သူတို့သည်ကျမ်းစာကို ရိုးရိုးလေးအံ့အားသင့်မှုများသာ ဖြစ်သည်။ သို့သော် သူ၏စကားပြောဆိုပုံတွင် သူ၏ပုံစံမပါသည့်အချက်မှာ သူသည် သမ္မာကျမ်းစာ၏ အသိပညာကြောင့် ဖြစ်သည်။ တရားဟောပြောသူကို လှောင်ပြောင်ရန်အတွက် တရားအစည်းအဝေးသို့ တစ်ကြိမ်သာတက်ရောက်ခဲ့သူများစွာတို့သည် သူဟောပြောသောအရာများကို ကြားခဲ့ရသောအခါတွင် မှန်ကန်သည်ဟု ယုံကြည်ခဲ့ကြလေသည်။

၁၈၃၉ ခုနှစ်နောက်ပိုင်းတွင် မီလာသည် ဘော်စတွန်မှ လူငယ်တရားဟောဆရာဖြစ်သော ဂျော့ဆွာဟိုင်းမ်စ် (Joshua Himes) နှင့် တွေ့ဆုံခဲ့သည်။ မီလာ၏သွန်သင်ချက်များကို နားထောင်ပြီးနောက်၊ ဟိုင်းမ်စ်သည် သခင်ယေရှုမကြာမီကြွလာခြင်းအကြောင်းကို ဟောပြောဖို့ကူညီရန် ဘုရားသခင်က သူ့ကိုခေါ်နေသည်ဟု ယုံကြည်ခဲ့သည်။ သူတို့နှစ်ဦးကို ဘုရားသခင် ဘိတ်သိပ်ပေးထားသောတွဲဘက်ညီ ဖြစ်ခဲ့သည်။ မီလာသည် အသက်ပိုကြီး (အသက် ၆၀ ပြည့်) ပြီး၊ ဟိုင်းမ်စ်သည် လူငယ် (အသက် ၃၀ ပြည့်) ဖြစ်သည်။ မီလာသည် တည်ငြိမ်ပြီး၊ တိတ်ဆိတ်သောသူဖြစ်သည်။ သို့သော် ဟိုင်းမ်စ်သည် ရဲဝံ့သောသူ၊ သတ္တိရှိသောသူဖြစ်သည်။ မီလာသည် တောလယ်သမားတစ်ယောက်ဖြစ်ပြီး၊ ဟိုင်းမ်စ်သည် မြို့တွင်နေထိုင်ပြီး၊ သူတို့သည် မြို့နယ်ချင်းတူညီခဲ့ကြသည်။

ရက်သတ္တပတ်အနည်းငယ်အတွင်းတွင် ဟိုင်းမ်စ်သည် အချိန်ကာလ၏နိမိတ်များ (The Signs of The Time) ကို ပထမဆုံး ထုတ်ဝေပုံနှိပ်ခဲ့သည်။ ဤသည် ကြွလာတော်မူခြင်းအကြောင်းကို အားပေးနိုးဆော်သောမဂ္ဂဇင်းအသစ်များစွာမှ ပထမဆုံးဖြစ်သည်။ ဟိုင်းမ်စ်သည် ရာပေါင်းများစွာသော လက်ကမ်းစာစောင်များ၊ ဝေစာများနှင့် စာအုပ်များထုတ်ဝေခဲ့သည်၊ ထင်ရှားကျော်ကြားသော ၁၈၄၃ ပရောဖက်ပြုဇယားကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့သည်။ သည့်အပြင် သူသည် နယူးယောက် (New York)၊ ဖိလဒေလဖီးယား (Philadelphia) နှင့် ဝါရှင်တန်ဒီစီ (Washington, D.C) စသည့်ကြီးမားသောမြို့ကြီးများအတွက် မီလာက မကြာခဏ ဟောပြောရန် အဘို့စီစဉ်ပေးခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ကောရိန္သုသြဝါဒစာ ပဌမစောင် ၁၂း၁၊ ၄-၁၁ ကို ဖတ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား “အခြားသူများနည်းတူ” ဖြစ်စေချင်ရန် ညွှန်ပြပို့ဆောင်ပါသလား။ အဘယ်ကြောင့်နည်း။

## ကြာသပတေးနေ့ | တဲကြီးတစ်ဆောင် ၅

ဂျော့ဆွာဟိုင်းမ်စ်၏အကူအညီအားဖြင့် ကြွလာတော်မူခြင်းကို မြော်လင့်ခြင်းဝါဒသည် ၁၈၄၀ ခုနှစ်ပြည့်နှစ် အစောပိုင်းတွင် အလျင်အမြန် ပျံ့နှံ့သွားခဲ့သည်။ အမေရိကနေရာအသီးသီးရှိလူများနှင့် အခြားနိုင်ငံများရှိလူများသည်ပင် ဒံယေလအနာဂတ္တိကျမ်းနှင့် ဗျာဒိတ်ကျမ်းတို့ကို ယခင်ကထက် ပို၍ရှင်းလင်းစွာ ကြားနာခဲ့ရကြသည်။